## ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒ

နိဒါန်း

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်မှ ပြဌာန်းခဲ့ပြီးယင်းဥပဒေတွင် အသေးစားငွေရေးကြေးရေး လုပ်ငန်းအဖွဲ့အစည်းများသည် သတင်းပို့ အဖွဲ့အစည်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မိမိတို့သက်ဆိုင်ရာ အဖွဲ့အစည်း နှင့် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထား စိစစ်ရန် အချက်များနှင့် သံသယရှိပါက သတင်းပေးပို့ရန်အပါဝင် သတင်းပို့ အဖွဲ့အစည်းများ၏ တာဝန်နှင့် ဝတ္တရားများအပြင် ပြစ်မှု နှင့် ပြစ်ဒဏ်များလည်းပါဝင်ပါသည်။ ထို့အပြင် ပြစ်မှုနှင့်ပြစ်ဒဏ်များလည်း ပါဝင်ပါသည်။ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၅ ခုနှစ်တွင်လည်းကောင်း အသေးစားငွေရေး ကြေးရေးကြီးကြပ်မှု ကော်မတီမှ ၂၀၁၁ ခုနှစ်တွင် လည်းကောင်း ၊ ၂၀၁၉ ခုနှစ်တွင် လည်းကောင်း အထက်ပါငွေကြေးခဝါချမှု နှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာနှင့်ပတ်သတ်သော ညွှန်ကြားချက်များအပြင် ဆက်သွယ် ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာများနှင့် ပတ်သတ်သည့် ညွှန်ကြားချက်များကို လည်း အသီးသီး ထုတ်ပြန်ခဲ့ပါသည်။

၂။ သို့ဖြစ်၍ ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Microfinance Delta International Co.,Ltd. သည်ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များဖြစ်သည့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်များနှင့် ဆက်သွယ် ဆောင်ရွက်သူများအပေါ် အလေးထား စိစစ်ခြင်းလုပ်ငန်းစဉ်များအားအောက်ပါအတိုင်း မူဝါဒများ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

**အဓိပ္ပါယ်**

၃။ ငွေကြေးခဝါချခြင်းဟုဆိုရာတွင် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့် ပစ္စည်း ဖြစ်သည်ဟုသိလျက်နှင့်ဖြစ်စေ ၊ သိရှိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ၊ ယင်ငွေကြေး/ပစ္စည်း၏ ဇစ်မြစ်ကို အသွင်ပြောင်းလဲခြင်း (သို့) ဖုံးကွယ်ခြင်း၊ ယင်ငွေကြေး/ပစ္စည်းတို့ကို ပိုင်ဆိုင်မှု (သို့) အခွင့်အရေးတို့အား အသွင်းပြောင်းခြင်း ၊ ဖုံးကွယ်ခြင်း ၊ မိမိလက်ဝယ် လက်ခံရရှိသည့်အချိန်တွင် သိရှိသော (သို့) သိရှိရန်အကြောင်းရှိသော ငွေ/ ပစ္စည်းကိုရယူခြင်း ၊ လက်ဝယ်ထားခြင်း ၊ အသုံးပြုခြင်း ၊ ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း ၊ ပံ့ပိုးခြင်း ၊ အထောက်အပံ့ပေးခြင်း ၊ စီမံခန့်ခွဲခြင်း ၊ အကြံညဏ်ပေးခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သတ်ခြင်းတို့ ပါဝင်ပါသည်။

**ငွေကြေးခဝါချမှုပြုလုပ်လေ့ရှိသည့်နည်းလမ်းများ**

၄။ ငွေကြေးခဝါချခြင်းအား အောက်ပါနည်းလမ်းများအသုံးပြု၍ ပြုလုပ်လေ့ရှိကြောင်းကို သတိပြုရမည် ဖြစ်ပါသည်။

(က) လမ်းကြောင်းနေရာချထားခြင်း

(ခ) အလွှဲများအလိုက် ခွဲခြားခြင်း နှင့်

(ဂ) ကွဲပြားနေသော အလွှာများအားပြန်လည်ပေါင်းစည်းခြင်းတို့ဖြစ်ပါသည်။

**ဖြစ်ပေါ်နိုင်သည့် အခြေအနေများ**

၅။ ငွေကြေးခဝါချခြင်းကိစ္စရပ်များသည် အောက်ပါအခြေအနေများတွင် ဖြစ်ပေါ်နိုင်ပါသည်။

(က) ချေးငွေရယူခြင်း

(ခ) လောင်းကစားဝိုင်းများ

(ဂ) ကုန်ပို့လွှာများအတုအပလိမ်လည်ပြုလုပ်ခြင်း ၊ ၂ ကြိမ်ပြုစုတောင်ရွက်ခြင်း

(ဃ) အိမ်ခြံမြေရောင်းဝယ်ခြင်းအကျိုးဆောင်များ ၊ နိုင်ငံခြားနှင့် စီးပွားဆက်သွယ်ခြင်းကိစ္စရပ်များ နှင့် Stock ၊ Share အစရှိသည့် Capital Markets

(င) ခရီးသွား အေဂျင်စီများ

(စ) ငွေလဲကောင်တာများ

(ဆ) ရင်းနှီးမြှုပ်နှံမှုများ

**အကြမ်းဖက်မှုအားငွေကြေးထောက်ပံ့မှုပြုလုပ်လေ့ရှိသည့်အခြေအနေများ**

၆။ အကြမ်းဖက်မှုအားငွေကြေးထောက်ပံ့ခြင်းကိစ္စရပ်များအား အောက်ပါအတိုင်းယေဘူယျအားဖြင့် တွေ့ရှိရနိုင်သည်။

(က) ပမာဏ ကြီးမားစွာဖြင့် ပုံမှန်ငွေလွှဲပြောင်းဆောင်ရွက်ခြင်း

(ခ) ပုံမှန်မဟုတ်သော ငွေလွှဲပြောင်းဆောင်ရွက်မှုများပြုလုပ်ခြင်း

(ဂ) ပြည်ပမှ တင်သွင်းကုန်များမှာယူခြင်း၊ ပြည်ပသို့ ပို့ကုန်ပစ္စည်းများပေးပို့ခြင်း

(ဃ) အကျိုးအမြတ်အတွက် မဟုတ်သည့် အဖွဲ့အစည်းများကို ခုတုံးလုပ်အသုံးချခြင်း၊

(င) လူပုဂ္ဂိုလ်မှတစ်ဆင့် ပေးပို့လွှဲပြောင်းခြင်း

**အကြမ်းဖက်မှုကို ငွေကြေးပံ့ထောက်ပံ့ခြင်း နှင့် ငွေကြေးခဝါချခြင်းအသွင်သဏ္ဍာန်များ**

၇။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ပြုခြင်း၏ သွင်ပြင်လက္ခဏာများမှာ-

(က) ပြုလုပ်သူမှ ခံယူချက်ဖြင့်ဦးတည်၍ လုပ်ဆောင်ခြင်း၊

(ခ) ငွေပမာဏ သေးငယ် ၊ နည်းပါးခြင်း၊

(ဂ) တရားဝင် စီးပွားရေးလုပ်ငန်းတစ်ခုခုမှလည်းဖြစ်နိုင်ခြင်းနှင့်

(ဃ) အမြတ်အစွန်းမရရှိခြင်း တို့ဖြစ်ပါသည်။

**ငွေကြေးခဝါချခြင်း၏ သွင်ပြင်လက္ခဏာများမှာ-**

၈။ (က) ပြုလုပ်သူသည် အမြတ်မစွန်းရရှိစေရန် ဦးတည်၍လုပ်ဆောင်ခြင်း

(ခ) ငွေပမာဏကြီးမား ၊ များပြားခြင်း၊

(ဂ) တရားမဝင်သော စီးပွားရေးလုပ်ငန်းများမှပြုလုပ်ခြင်း၊

(ဃ) ငွေကြေးခဝါချခြင်းတွင် အကျုံးဝင်သော ပြုလုပ်မှု ဖြစ်ခြင်းနှင့်

(င) ထိုသို့ ငွေကြေးခဝါချခြင်းပြုလုပ်ခြင်းဖြင့် စီးပွားရေး အမြတ်မစွန်းရရှိစေခြင်း၊

သတင်းပေးပို့ရမည့်အာဏာပိုင်အဖွဲ့အစည်းများနှင့် ငွေကြေးလွှဲပြောင်းမှု

၉။ မည့်သည့်ငွေရေးကြေးရေးအဖွဲ့အစည်းမဆို ပြည်ထဲရေးဝန်ကြီးဦးဆောင်သည့် ဗဟိုအဖွဲ့သို့ဖြစ်စေ ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ဖြစ်စေ အောက်ပါကိစ္စရပ်များပေါ်ပေါက်ပါက သတင်း ပေးပို့တိုင် ကြားရမည်ဖြစ်သည်။

(က) သတ်မှတ်ပမာဏ (USD 15,000) နှင့် ယင်းပမာဏထက်ကျော်လွန်သည့် ငွေလွှဲပြောင်း ဆောင်ရွက်မှု

(ခ) သံသယဖြစ်သည့် ငွေလွှဲပြောင်းဆောင်ရွက်မှု

(ဂ) ပုံမှန်မဟုတ်သည့် ထူးခြားသည့်ကိစ္စရပ်များ

**သတင်းပေးပို့မှု စနစ်များ**

၁၀။ MIFIDA Int Co.,Ltd အနေဖြင့် Client များသို့ ငွေထုတ်ချေးခြင်း ၊ ၎င်းတို့မှချေးယူငွေ အပေါ်ပြန်လည်ပေးဆပ်ခြင်း ၊ စုငွေစာရင်းသို့ ငွေပေးသွင်းစုဆောင်းခြင်းအစရှိသည့် ကိစ္စရပ်များတွင် သေချာစွာစိစစ်၍ အထက်ပါ ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ကိစ္စရပ်များနှင့် ပတ်သတ်မှု မရှိစေရန် အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်သည်။ တစ်စုံတစ်ရာ သံသယ ဖြစ်ဖွယ်တွေ့ရှိရပါက အထက်အပိုဒ် (၈) ပါအာဏာပိုင်အဖွဲ့အစည်းများထံ သို့သတင်းပေးပို့ တင်ပြရမည်ဖြစ်သည်။ ထိုကဲ့သို့သတင်းပေးပို့ရာတွင် မြို့ပြဒေသမှ ဖြစ်ပါက ငွေကြေး လွှဲပြောင်းသည့်နေ့မှ (၂၄) နာရီ အတွင်းတွင်လည်းကောင်း ၊ ကျေးလက်ဒေသမှ ဖြစ်ပါက ယင်းနေ့မှ (၃) ရက်အတွင်းတွင်လည်းကောင်း အတက်နိုင်ဆုံးအချိန်နှင့် တပြေးညီတင်ပြ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၁၁။ ထို့အပြင် သံသယမရှိသော်လည်း သတ်မှတ်ပမာဏ ကျော်လွန်သည့် ငွေလွှဲပြောင်း ဆောင်ရွက်မှုများ ရှိပါကလည်း ဗဟိုအဖွဲ့သို့လည်းကောင်း ၊ FIU သို့လည်းကောင်း ၊ Threshold Amount လွှဲပြောင်းမှု အဖြစ် သတင်းပေးပို့သွားရမည်ဖြစ်သည်။

၁၂။ MIFIDA Int Co.,Ltd အနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တို့နှင့် ပတ်သတ်သည့်ဟု သံသယရှိပါကလည်းကောင်း၊ သတ်မှတ်ပမာဏ ကျော်လွန်သည့် ငွေလွှဲပြောင်း

ဆောင်ရွက်မှုများ ရှိပါကလည်းကောင်း ၊ သက်ဆိုင်ရာအာဏာပိုင်းအဖွဲ့အစည်းများထံသို့ အစီရင်တင်ပြသွားရမည်ဖြစ်ပြီး မြန်မာနိုင်ငံဗဟိုဘဏ်သို့လည်း မိတ္တူပေးပို့သွားရမည်ဖြစ်ပါသည်။ ထို့အပြင် ရှယ်ယာထည့်သွင်းခြင်း ၊ အရင်းအနှီးထပ်မံဖြည့်သွင်းခြင်း ၊ ဘဏ်မှချေးငွေယူခြင်း စသည့် ကိစ္စရပ်များအတွက် သတ်မှတ်ပမာဏထက်ကျော်လွန်သည့်လွှဲပြောင်းခြင်းများတွင်လည်း သတင်းပေးပို့ တင်ပြရမည်ဖြစ်ပါသည်။

၁၃။ ထို့အပြင် MIFIDA Int Co.,Ltd အနေဖြင့်အာရှပစိဖိတ်ဒေသငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းတည်ထောင်ထားသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများအား လိုက်နာကြရမည့် နိုင်ငံတကာ စံသတ်မှတ်ချက်အကြံပြုသည့် အချက် (၄၀) ပါ ဖော်ပြချက်များကိုလည်း လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၁၄။ MIFIDA Int.Co.,Ltd အကယ်၍ ဆက်သွယ်ဆောင်ရွက်သူများအပေါ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့နှင့် ပတ်သတ်၍ သံသယဖြစ်သည့် သတင်းပေးပို့ချက်များ ရှိခဲ့ပါက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးအနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထုတ်ဖော်ပြောကြားခြင်း မပြုရပါ။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ သဘောတူ ခွင့်ပြုချက်မရဘဲ ယင်းသို့ပေးပို့ထားသည့် သံသယဖြစ်ဖွယ် သတင်းပို့ချက်များအား ပြင်ပသို့ ထုတ်ဖော်ပြောဆို၊ ပေါက်ကြားခြင်း မရှိစေရပါ။

၁၅။ အထက်ပါငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ပတ်သတ်သည့် ပြစ်မှုများနှင့် ပတ်သတ်၍ ကျူးလွန်သူသည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေဖြင့် ပြစ်မှုကြောင်းဆိုင်ရာ ဖွင့်လှစ်၍ တရားရုံးသို့ စွဲဆိုတင်ပို့ကာ အရေးယူဆောင်ရွက်ခြင်းခံရမည် ဖြစ်သည်။

**ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများ**

၁၆။ MIFIDA Int. Co.,Ltd သည် မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူ အပေါ်တွင် အောက်ပါအတိုင်း အလေးထား စိစစ်ခြင်း လုပ်ငန်းစဉ်အား လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

(က) ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးချင်းအားအသင်းဝင်အဖြစ် လက်မခံမီ (သို့မဟုတ်) အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုမပေးမီ (သို့မဟုတ်) စီးပွားရေးဆက်ဆံဆောင်ရွက်မှု တစ်ရပ်ရပ်အား မထူထောင်မီ၊

(ခ) မိမိတို့ အဖွဲ့အစည်းနှင့် လုပ်ငန်းဆက်ဆံဆောင်ရွက် မှု ထူထောင်ထားခြင်းမရှိသည့် ဆက်သွယ်ဆောင်ရွက်သူနှင့် ပတ်သတ်သည့် လွှဲပြောင်းဆောင်ရွက်မှုဖြစ်ပါက ယင်းသည် (၁) ကြိမ်တည်းဖြစ်စေ၊ အကြိမ်အရေအတွက် များစွာဖြင့်ဖြစ်စေ သတင်းပို့ရန်သတ်မှတ်ထားသည့် ပမာဏ (သို့မဟုတ်) ယင်းထက်ပိုသော ပမာဏအပေါ် အဆိုပါပုဂ္ဂိုလ်ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်းဆောင်ရွက်မှုအား ပြုလုပ်ပေးခြင်းမပြုမီနှင့်

(ဂ) ကြေးနန်း (သို့မဟုတ်) အီလက်ထရောနစ်နည်းလမ်းဖြင့် အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှု ပေးအပ်ခြင်းမပြုမီစသည့် အချိန်များတွင် အလေးထား စိစစ်ခြင်းအား ဦးစွာ ဆောင်ရွက်ရမည် ဖြစ်သည်။

အထက်ပါအတိုင်း ကနဦး အလေးထားစိစစ်ပြီးနောက် ၎င်းဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်း ဆောင်ရွက်မှုသည် သာမန်အားဖြင့် ရိုးရိုးလွှဲပြောင်းမှု ဟုတ်မဟုတ်ကိုလည်းကောင်း၊သင့်တော်မှန်မှု ရှိသည့် ကြေညာချက်/ဖြည့်စွက်ရေးသွင်းချက်များ ပြုလုပ်ထားမှု ရှိ/မရှိ ကို လည်းကောင်း၊ ပုံမှန်ဝင်ငွေရ လုပ်ငန်းတစ်ခုရှိ / မရှိ ကိုလည်းကောင်း၊ အကယ်၍ သံသယ ရှိပါက ယင်းသို့ သံသယ ဖြစ်ပေါ်ရသည့် အကြောင်းရင်း စသည်တို့အား ဆက်လက်စိစစ် သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ဆောင်ရွက်သူများ၏ သတင်းအချက်အလက်များအား ထိန်းသိမ်း ထားရှိခြင်း**

၁၇။ MIFIDA Int. Co.,Ltd သည် ဆက်သွယ်ဆောင်ရွက်သူများ၏ အောက်ပါကိစ္စရပ်များနှင့် ပတ်သတ်သော သတင်းအချက်အလက်များ၊ ကုမ္ပဏီသို့ ပေးပို့တင်ပြထားသည့် အထောက်အထား စာရွက်စာတမ်းများအား လုံခြုံစွာသိမ်းဆည်းထားရှိရပါမည်။

(က) အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများဖြစ်သည့် ချေးငွေထုတ်ချေးခြင်းနှင့် စုဆောင်းငွေ လက်ခံခြင်း။

(ခ) စီးပွားဆက်ဆံဆောင်ရွက်မှုအတွက် ပြည့်စုံမှုမရှိသည့် ကိစ္စရပ်များအတွက် နောက်ထပ် တောင်းခံ ရယူရသော စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များ။

၁၈။ ဆက်သွယ်ဆောင်ရွက်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ၊ အိမ်ထောင်စုစာရင်း၊ ဝန်ထမ်းကဒ်၊ ယဉ်မောင်း လိုင်စင် နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများအား အနည်းဆုံး (၁)နှစ်လျှင် (၁) ကြိမ် အတည်ပြု စိစစ်ထားရမည် ဖြစ်ပါသည်။

၁၉။ အထက်ပါရယူထားသည့် ဆက်သွယ်ဆောင်ရွက်သူများ၏ အထောက်အထား၊ စာရွက်စာတမ်းများ၊ သတင်းအချက်အလက်များနှင့် သတင်းပေးပို့ချက် ဖိုင်တွဲများအား အနည်းဆုံး (၅) နှစ်အထိ သိမ်းဆည်းထားရန် လိုအပ်ပါသည်။

**အသေးစားငွေရေးကြေးရေးလုပ်ငန်း ဝန်ဆောင်မှုရယူထားသည့် အဖွဲ့ဝင်များအား စောင့်ကြပ် ကြည့်ရှုခြင်း**

၂၀။ MIFIDA ၏အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှု ရယူထားသည့် အဖွဲ့ဝင်များအား ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သတ်မှု ရှိ/မရှိ အား ၎င်းတို့၏ စုငွေအတွက် ပေးသွင်းမှုများ၊ ချေးငွေထုတ်ယူမှုများ အပေါ်တွင်လည်းကောင်း၊၎င်းတို့၏ စီးပွားရေးလုပ်ငန်း အခြေအနေကိုလည်းကောင်း၊ ပုံမှန်ဝင်ငွေရရှိမှုကို လည်းကောင်း၊ ဝင်ငွေရရှိလာမှု အရင်းအမြစ် ကို လည်းကောင်း အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုရမည်ဖြစ်သည်။

**ထုတ်ကုန်/ ဝန်ဆောင်မှုအသစ်များပေးအပ်ခြင်းနှင့် လက်တွေ့ကျင့်သုံးမှု**

၂၁။ MIFIDA သည် အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် အလေးထားစိစစ်ဆောင်ရွက်မှုများ၊ သင့်လျော်သည့် တိုင်းတာအကဲဖြတ်ချက်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး

ထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုတို့ကို လျှော့ချခြင်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(က) ထုတ်ကုန်အသစ်များ၊ ဖြန့်ဖြူးခြင်း ၊ ဝန်ဆောင်မှု လုပ်ငန်းအသစ်များ ပေးအပ်ခြင်း၊ နည်းစနစ် အသစ်များ ထုတ်ပြန်ခြင်း။

(ခ) IT နှင့် Electronic ဆိုင်ရာ နည်းပညာများ အသုံးပြုမှုနှင့် ပတ်သတ်သည့် ကိစ္စရပ်များ၊

၂၂။ MIFIDA Int. Co.,Ltd ဖြင့် အောက်ဖော်ပြပါသတင်းအချက်အလက်များအား ဆက်သွယ် ဆောင်ရွက်သူ ထံမှ စိစစ်ရယူရပါမည်။

(က) ဆက်သွယ်ဆောင်ရွက်သူနှင့် ပတ်သတ်သည့် ကိုယ်ရေးအချက်အလက်များ

(ခ) ၎င်းအချက်အလက်များထဲမှ သံသယ ရှိသည့် အကြောင်းအရာအချို့အား ထပ်မံစိစစ်မေးမြန်းခြင်း၊

(ဂ) တတိယ ပုဂ္ဂိုလ်ပါဝင်ပါဝင်ခြင်းရှိ/ မရှိ စုံစမ်းခြင်း၊

(ဃ) ငွေလွှဲပြောင်းဆောင်ရွက်မှုနှင့် ပတ်သတ်သည့် နေရာဒေသအပါအဝင် အသေးစိတ် ဖော်ပြချက်များ၊

သတင်းပေးပို့ရမည့် နည်းလမ်းများ

၂၃။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့နှင့် ပတ်သတ်၍ ဆက်သွယ် ဆောင်ရွက်သူအပေါ် သံသယရှိပါက အောက်ပါနည်းလမ်းများဖြင့် သတင်းပေးပို့ ဆောင်ရွက်ရပါမည်။

(က) လူ/ဆက်သားဖြင့်လည်းကောင်း

( ခ ) စာတိုက်မှ တဆင့် လည်းကောင်း၊

( ဂ ) Faxဖြင့် လည်းကောင်း၊

(ဃ) Email မှ တဆင့်သော် လည်းကောင်း၊

(င) အခြား Electronic နည်းလမ်းများဖြင့် လည်းကောင်း၊

**ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုအပေါ် စီမံခန့်ခွဲမှု ဆောင်ရွက်ခြင်း။**

၂၄။ MIFIDA Int. Co., Ltd သည် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေး အဖွဲ့၏ အကြံပြုချက်အမှတ် (၁) အရ...

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို အောက်ပါအတိုင်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။

( က ) ရှာဖွေဖော်ထုတ်ခြင်း၊

(ခ ) အကဲဖြတ်ခြင်း၊

(ဂ) ထိန်းချုပ်ဆောင်ရွက်ခြင်း၊

(ဃ) ကြည့်ရှု ကွပ်ကဲခြင်း၊

(င ) လျော့ချ ဆောင်ရွက်ခြင်း၊

၂၅။ ထို့အပြင် ဘာဆယ်ကော်မတီ၏ အဓိကစည်းမျဉ်းများ အမှတ် - ၂၉ အရလည်း ဆက်သွယ်ဆောင်ရွက်သူ၏ အချက်အလက်များကို အလေးထားစိစစ်ခြင်း အပါအဝင် လုံလောက်သည့် မူဝါဒများ နှင့် လုပ်ငန်းစဉ်များကို ချမှတ်ထားကြရမည် ဖြစ်သည်။

**ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်သတ်မှတ်ခြင်း**

၂၆။ ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်အား MIFIDA Int.Co., Ltd မှ အောက်ပါအတိုင်း ရေးဆွဲ သတ်မှတ်ထားပါသည်။

(က) ကော်ပိုရိတ် အုပ်ချုပ်မှု

(ခ ) ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှု နှင့် ပါတ်သတ်သည့် စီမံခန့်ခွဲမှု ဆိုင်ရာ လုပ်ငန်းတာဝန်

(ဂ) မူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများ

ဃ) ဌာနအတွင်း ထိန်းချုပ်ကွပ်ကဲမှုများ

(င) လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်

(စ) ဆုံးရှုံးနိုင်ခြေ အန္တရာယ်စောင့်ကြပ်ကြည့်ရှုခြင်း ၊ သတင်းပေးပို့ခြင်းနှင့်

(ဆ) သင်တန်းများပို့ချခြင်း

**ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုအပေါ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များ**

၂၇။ ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုအပေါ် MIFIDA မှ ဆောင်ရွက်ထားရှိရမည့် လုပ်ငန်းစဉ်များအား အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်ရပါမည်။

(က) ဆုံးရှုံးနိုင်ခြေ အန္တရာယ်များအား သတ်မှတ်ဖော်ထုတ်ခြင်း၊

(ခ) ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို တိုင်းတာစစ်ဆေးခြင်း၊

(ဂ) ဆုံးရှုံးနိုင်ခြေ အန္တရာယ်များအား ထိန်းချုပ်ကွပ်ကဲခြင်း၊

(ဃ) ဆုံးရှုံးနိုင်ခြေ အန္တရာယ်များအား အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း ၊

(င) ဆုံးရှုံးနိုင်ခြေ အန္တရာယ်များအား လျော့ပါးအောင်ပြုလုပ်ခြင်း၊

**(က) ဆုံးရှုံးနိုင်ခြေ အန္တရာယ် ရှိမှုတို့အား သတ်မှတ်ဖော်ထုတ်ခြင်း**

၁။ MIFIDA Int. Co.,Ltd အနေဖြင့် နေ့စဉ်လုပ်ငန်းဆောင်တာများထဲတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်ဆုံးရှုံးနိုင်မှုများ တစ်နည်းနည်းဖြင့် ပေါ်ပေါက်နိုင်ကြောင်း ၊ ကြုံတွေ့နိုင်ကြောင်းကိုလည်းကောင်း ၊ ၎င်းအန္တရာယ် ဆုံးရှုံးနိုင်မှုတို့သည် အောက်ပါဇစ်မြစ်များမှ ပေါ်ပေါက်လာနိုင်ကြောင်းကိုလည်းကောင်း အမြဲမပြတ်သတိပြု ဆောင်ရွက်ရပါမည်။

(က) MIFIDA နှင့် ဆက်သွယ်ဆောင်ရွက်သူများ ၊

(ခ) ဝန်ဆောင်မှုနှင့် ဆောင်ရွက်ချက်များ၊

(ဂ) ဝန်ဆောင်မှုပေးသည့် လမ်းကြောင်းများ၊

(ဃ) လုပ်ငန်းဆောင်ရွက်ရာ နေရာဒေသ၏ ပထဝီ အနေအထား၊

(င) လုပ်ငန်း၏ ဈေးကွက်အခြေအနေ၊

၂။ MIFIDA Int. Co.,Ltd အနေဖြင့် အထက်အပိုဒ်ခွဲ (၁)ပါ ဇစ်မြစ်တစ်ခုချင်းစီမှ ပေါ်ပေါက်လာနိုင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုတို့၏ အမျိုးအစားများကို သတ်မှတ် ဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ MIFIDA Int. Co.,Ltd သည် ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ပတ်သက်သည့် အန္တရာယ်ရှိမှု ဆုံးရှုံးနိုင်ခြေတို့ကို သိရှိပြီး ၎င်းကိစ္စရပ်များနှင့် ဆက်စပ်၍ ဖြစ်ပေါ်နိုင်သည့် ခြိမ်းခြောက်မှု အန္တရာယ်များနှင့် ထိခိုက်လွယ်မှုများကို သတ်မှတ်ဖော်ထုတ်သွားမည် ဖြစ်သည်။

**(ခ) ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုတို့ကို တိုင်းတာစစ်ဆေးခြင်း**

၁။ ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုများကို ထိရောက်စွာတိုင်းတာစစ်ဆေးနိုင်မှသာ မိမိတို့အဖွဲ့အစည်းတွင် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို သိရှိရမည်ဖြစ်သော်လည်း ၎င်း၏ အကြောင်းအရင်းကို ကြိုတင်စိစစ်အကဲဖြတ်နိုင်ရန် ခက်ခဲမှုများ ရှိမည်ဖြစ်သည်။ သို့ဖြစ်၍ MIFIDA Int. Co.,Ltd အနေဖြင့် ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှု အမျိုးအစား တစ်ခုချင်းစီ၏ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုသည် အချိန်ကာလမည်မျှအထိကြာအောင် ဖြစ်ပေါ်နေခြင်း ရှိ/မရှိ စသည်တို့ကို စိစစ်အကဲဖြတ်နိုင်မည့် နည်းပညာများနှင့် မဟာဗျူဟာများအား ချမှတ်ဆောင်ရွက် သွားရမည်ဖြစ်ပါသည်။

၂။ သို့မှသာ မိမိတို့က ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအပေါ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု့ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှု အဆင့်မြင့်မားသည်ဟု သတ်မှတ်ယူဆထားပါက ၎င်းအပေါ်မိမိတို့မှ ဆောင်ရွက်ပေးမှု့လုပ်ငန်း ၊ ဝန်ဆောင်မှု အမျိုးအစားများ ၊ ဆောင်ရွက်ပေးသည့် လုပ်ငန်းပမာဏ နှင့် ၎င်းပုဂ္ဂိုလ်ကဲ့သို့ အန္တရာယ်ရှိမှု ၊ ဆုံးရှုံးမှု အဆင့်မြင့်မားသည့် အခြားသော ဆက်သွယ်ဆောင်ရွက်သူ အရေအတွက် မည်မျှရှိကောင်းကို မိမိတို့အနေဖြင့် အချိန်နှင့်တပြေးညီ သိရှိနိုင်မည်ဖြစ်သည်။

**(ဂ) ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုတို့အပေါ် ထိန်းချုပ်ကွပ်ကဲခြင်း**

MIFIDA Int. Co.,Ltd သည် ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့နှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုတို့ကို သတ်မှတ်ဖော်ထုတ်ခြင်း ၊ ယင်းသို့ သတ်မှတ် ဖော်ထုတ်ရရှိမှုတို့အပေါ် တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်ပြီးပါက ၎င်းအန္တရာယ် ၊ ဆုံးရှုံးမှုတို့အား လျော့ပါးအောင် ဆောင်ရွက်နိုင်မည့် သက်ဆိုင်ရာမူဘောင်များနှင့် လုပ်ထုံးလုပ်နည်းများအား ချမှတ် ဆောင်ရွက်သွားမည်ဖြစ်သည်။

**(ဃ) ဆုံးရှုံးနိုင်ခြေ အန္တရာယ် ရှိမှုတို့အား အမြဲမပြတ်စောင့်ကြပ်ကြည့်ရှုခြင်း**

၁။ MIFIDA Int. Co.,Ltd အနေဖြင့် အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်လာနိုင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်ရှိမှု ၊ ဆုံးရှုံးနိုင်မှုများကို စဉ်ဆက်မပြတ် စောင့်ကြည့်ပြီး ၎င်းအန္တရာယ်များအား စီမံခန့်ခွဲသည့် နည်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း ထိရောက်စွာ ပြဋ္ဌာန်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၂။ ၎င်းဆုံးရှုံးနိုင်မှု ၊ အန္တရာယ်များနှင့် ဖြစ်ပေါ်နိုင်သော ဆုံးရှုံးမှု ၊ အန္တရာယ်အပြောင်းအလဲများကို သိရှိတိုင်းတာနိုင်သည့် သတင်းအချက်အလက်စီမံခန့်ခွဲမှုနည်းစနစ်ကိုလည်း စနစ်တကျ ထားရှိရန်လိုအပ်ပါသည်။

၃။ အထက်ပါ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်မှ တစ်ဆင့်ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ , အန္တရာယ်ရှိမှုများ၏ ဖြစ်ပေါ်နိုင်မှုအလားအလာများအပေါ် လျော့နည်းသွားမှု (သို့မဟုတ်) တိုးပွားလာမှုကို စောင့်ကြပ်ကြည့်ရှုနိုင်မည် ဖြစ်သည်။

**(င) ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုတို့အား လျော့ပါးအောင်ပြုလုပ်ခြင်း**

MIFIDA Int. Co.,Ltd သည် အထက်ဖော်ပြချက်များအတိုင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ပတ်သက်သည့် အန္တရာယ်ရှိမှု ၊ ဆုံးရှုံးမှုတို့အား သတ်မှတ်ဖော်ထုတ်ခြင်း၊ တိုင်းတာစစ်ဆေးခြင်း ၊ ထိန်းချုပ်ကွပ်ကဲခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်မှုများကို ထိရောက်စွာဖြင့် တစ်ခုနှင့်တစ်ခု အဆင့်တိုင်းအား အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

**ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှု**

**အန္တရာယ်ရှိမှုအပေါ်စီမံခန့်ခွဲမှုဆိုင်ရာ မူဘောင်**

၂၈။ MIFIDA Int. Co.,Ltd ၏ ဆုံးရှုံးနိုင်ခြေရှိမှု ၊ အန္တရာယ်ရှိမှုအပေါ် စီမံခန့်ခွဲမှုဆိုင်ရာမူဘောင်တွင် အောက်ပါအချက်များ အဓိကပါဝင်မည်ဖြစ်သည်။

(က) ကော်ပိုရိတ်အုပ်ချုပ်မှုဖြစ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များနှင့် အကြီးတန်း စီမံအုပ်ချုပ်သူများ၏ တာဝန်ဝတ္တရားများ၊

(ခ) ဆုံးရှုံးနိုင်မှု ၊ အန္တရာယ်ရှိမှု စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းတာဝန်၊

(ဂ) မူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများ၊

(ဃ) ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုများ၊

(င) လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်၊

(စ) ဆုံးရှုံးနိုင်မှု ၊ အန္တရာယ်ရှိမှုအပေါ် စောင့်ကြပ်ကြည့်ရှုခြင်း နှင့် သတင်းပေးပို့ခြင်း၊

(ဆ) သင်တန်းများပို့ချခြင်း

## (က) ကော်ပိုရိတ် အုပ်ချုပ်မှု

MIFIDA Int. Co.,Ltd သည် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ ၊ ရှုထောင့်များအားလုံး အပေါ်တွင် ပွင့်လင်းမြင်သာမှု ၊ တာဝန်ယူမှုတာဝန်ခံနိုင်မှု ၊ ကောင်းမွန်သည့် ကိုယ်ကျင့်တရားရရှိစေမှု အစရှိသည်အားလည်းကောင်း ခိုင်မာ၍ ထိရောက်မှုရှိသော ကော်ပိုရိတ်အုပ်ချုပ်မှု မူဘောင်တစ်ရပ်ကို ထူထောင်ထားရှိမည်ဖြစ်သည်။ MIFIDA Int. Co.,Ltd သည်ဝန်ထမ်းများအားလုံး၏ ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းများတစ်ပြေးညီ တိုးတက်မြင့်မားလာစေရန်အတွက် **"ကိုယ်ကျင့်တရား ဆိုင်ရာကျင့်ဝတ်တစ်ရပ်"** ကို ချမှတ်ကျင့်သုံးပါမည်။ အားကောင်းပြီး ခိုင်မာသည့် ကော်ပိုရိတ်အုပ်ချုပ်မှု မူဘောင်တစ်ရပ်အထဲတွင် မဟာဗျူဟာများ ချမှတ်ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်သည်။

(၁) ထိရောက်သောမူဝါဒများနှင့် အစီအစဉ်များ

(၂) ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုများနှင့် စောင့်ကြည့်စစ်ဆေးခြင်း

(၃) သတင်းပေးပို့ခြင်း

ထို့အပြင် ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုစနစ်၏ မရှိမဖြစ်လိုအပ်သော လက္ခဏာရပ်များဖြစ်သည့် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများအား ရှောင်ကြဉ်ခြင်းနှင့် လုပ်ငန်းများကို သင့်လျော်သလို ခွဲခြားသတ်မှတ်သည့် နည်းလမ်းများထားရှိခြင်းကိုလည်း ဒါရိုက်အဖွဲ့ဝင်များမှ လုပ်ဆောင်ရန်အပြင် နည်းလမ်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရန် အဖွဲ့အစည်း၏ အုပ်ချုပ်မှု သဘောသဘာဝကို ကြီးကြပ်စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာလုပ်ငန်းပုံစံများနှင့် ကော်ပိုရိတ်ဆိုင်ရာ နည်းဗျူဟာ ချမှတ်ရန်အတွက်လည်း အပြည့်အဝတာဝန်ရှိပါသည်။ ၎င်းအပြင် အကြီးတန်းစီမံအုပ်ချုပ်သူများသည် ကော်ပိုရိတ်မူဘောင်၏ ထိရောက်သောလုပ်ငန်းဆောင်ရွက်ချက်များအား စနစ်တကျရှိစေရေးအတွက် နေ့စဉ်စောင့်ကြပ်ကြည့်ရှုရန်အတွက်လည်း တာဝန်ရှိပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များနှင့် အကြီးတန်းစီမံခန့်ခွဲသူများသည် အောက်ဖော်ပြပါ တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် တာဝန်ရှိကြပါသည်။

1) မိမိတို့အဖွဲ့အစည်း စီးပွားရေးလုပ်ငန်းပုံစံ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများသည် ပြင်ပလောကနယ်ပယ်နှင့် မည်ကဲ့သို့ဆက်စပ်နေမှုရှိသည်ကို ကောင်းစွာ သိရှိရန်၊
2) မိမိတို့အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးနိုင်မှု အန္တရာယ်များကို သတ်မှတ်ထားရှိရမည့်အပြင် ၎င်းအန္တရာယ်များကို ထိရောက်စွာ လျော့ချသတ်မှတ်နိုင်ရေးအတွက်မဟာဗျူဟာများကိုလည်း အဆင့်ဆင့်ချမှတ် ထားရှိရန်၊
3) အထက်ပါအန္တရာယ် ဆုံးရှုံးနိုင်မှုများကို စီမံခန့်ခွဲဆောင်ရွက်ရန်အတွက် သင့်လျော်သည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ထိန်းချုပ်ကွက်ကဲမှုများကိုထားရှိရန်နှင့် ယင်းမူဘောင်ကို တိုးတက်အကောင်အထည်ဖော်ရန်၊
4) ဒါရိုက်တာအဖွဲ့ဝင်များအားလုံးသို့ သတင်းအချက်အလက်ပေးပို့ခြင်း၊ ဌာနအတွင်း သတင်းအချက်အလက်များ ဖလှယ်ပေးခြင်း၊ ထိရောက်သည့် ဆုံးရှုံးနိုင်မှု အန္တရာယ် စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အချိန်မှီရရှိကြစေရန်၊

## (ခ) ဆိုးရှိုးနိုင်ခြေနှင့် အန္တရာယ်ရှိမှု စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်

MIFIDA Int. Co.,Ltd အနေနှင့် ထိရောက်သည့် ဆိုးရှိုးနိုင်ခြေ အန္တရာယ်ရှိမှု စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ပေးမည့် ဌာနတစ်ခုဖွဲ့စည်းထားရှိရပါမည်။ ၎င်းဌာနသည် အထက်ပါအန္တရာယ်များအား လျှော့ပါးအောင် ပြုလုပ်ရန် တာဝန်ရှိရမည့်အပြင် ထိရောက်မှုရှိသည့် ထိန်းချုပ်မှုများ၊ ကွပ်ကဲမှုများ၊ စောင့်ကြပ်ကြည့်ရှုမှုများနှင့် နည်းလမ်းများအား သတ်မှတ်ဖော်ထုတ်နိုင်စွမ်းလည်း ရှိရမည်ဖြစ်သည်။ ထိုကဲ့သို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆိုးရှိုးနိုင်ခြေအန္တရာယ်ရှိမှု စီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်များအောင်မြင်မှုရှိစေရန်အတွက် အဆင့်မြင့်စီမံခန့်ခွဲ အုပ်ချုပ်သူများကိုလည်း အထောက်အကူပေးရမည် ဖြစ်သည်။

## (ဂ) မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ

MIFIDA Int. Co.,Ltd ၏ အဆင့်မြင့် စီမံခန့်ခွဲအုပ်ချုပ်သူများသည် မိမိတို့အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ပတ်သက်သည့် ဆိုးရှိုးနိုင်မှုနှင့် အန္တရာယ်ရှိမှုတို့ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် မူဝါဒနှင့် လုပ်ထုံးလုပ်ငန်းများကို ချမှတ်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ချမှတ်ထားသည့် မူဝါဒများအား ဒါရိုက်တာအဖွဲ့ဝင်များမှ အတည်ပြုထားရှိရန် လိုအပ်ပါသည်။ အဖွဲ့အစည်းအတွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆိုးရှိုးနိုင်မှုနှင့် အန္တရာယ်ရှိမှုတို့ အပြောင်းအလဲရှိပါက ပြောင်းလဲမှုအလိုက် သင့်လျော်သည့်အရေးယူဆောင်ရွက်မှု အမြန်ဆုံးပြုလုပ်နိုင်ရန် ၎င်းတို့အပေါ်ပြန်လည်သုံးသပ်မှု ပြုလုပ်ရမည်ဖြစ်သည်။ ထို့ကဲ့သို့ ဆောင်ရွက်ရာတွင် တာဝန်ရှိမှုနှင့် တာဝန်ခံမှုကို ရှင်းလင်းစွာ ချမှတ်ထားရမည် ဖြစ်ပါသည်။

## (ဃ) ဌာနအတွင်း ထိန်းချုပ်ကွက်ကဲမှုများ

အဖွဲ့အစည်းအတွင်း သက်ဆိုင်ရာဌာနအတွင်း စဉ်ဆက်မပြတ် ထိန်းချုပ်ကွပ်ကဲမှုစနစ် တစ်ရပ်သည် ယင်းသက်ဆိုင်ရာ မူဘောင်တစ်ခု၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် MIFIDA Int. Co.,Ltd အနေဖြင့် အဖွဲ့အစည်း၏ အကျိုးစီးပွားဆိုင်ရာ ပဋိမက္ခများကို ရှောင်ရှား နိုင်ရန်နှင့် အပြန်အလှန်စောင့်ကြပ်ကြည့်ရှုနိုင်မည့် မူဝါဒသဘောတရားများ ခိုင်မာစေရန်အတွက် သင့်လျော်သည့် အစီအစဉ်များအား အခါအားလျော်စွာ ချမှတ်သွားမည် ဖြစ်ပါသည်။

## (င) လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆိုးရှိုးနိုင်ခြေ အန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ မူဘောင်၏ အစိတ်အပိုင်း တခု အနေဖြင့် လိုက်နာဆောင်ရွက်မှု လုပ်ငန်းတာဝန်များကို ထည့်သွင်းထားရပါမည်။ ယင်းလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်သည် မိမိတို့ အဖွဲ့အစည်း၏ လုပ်ငန်းပုံစံ နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ၏ အရွယ်အစား ၊ သဘာဝတို့နှင့် မျှတစွာ ရှိရမည်ဖြစ်ပြီး နေ့စဉ် လုပ်ငန်းလည်ပတ်မှု၏ တစိတ်တပိုင်းဖြစ်သောကြောင့် ဌာနတွင်း စာရင်းစစ်ဆေးခြင်းနှင့် သီးခြားစီ သတ်မှတ်ထားရမည်။

**(စ) စောင့်ကြပ် ကြည့်ရှုခြင်း နှင့် သတင်းပေးပို့ခြင်း**

MIFIDA Int.Co.,Ltd အနေဖြင့် အထက်အပိုဒ်များပါ ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိမှုများကို လျှော့နည်းအောင် ဆောင်ရွက်ရာတွင် လိုအပ်သည့် အချက်အလက်များကို ပံ့ပိုးပေးနိုင်မည့် MISစနစ်များအား ခိုင်မာစွာ အုတ်မြစ်ချထားရမည် ဖြစ်ပါသည်။ထို့အပြင် မိမိတို့ အသုံးပြုသည့် MISစနစ်သည် မိမိတို့ လုပ်ငန်း၏ သဘောသဘာဝ ပြောင်းလဲမှုများနှင့် အန္တရာယ်ရှိမှု နှင့် ဆုံးရှုံးနိုင်ခြေရှိမှုတို့၏ အရေအတွက် ကို အမြဲ တိုင်းတာ စစ်ဆေးနေရမည် ဖြစ်သည်။

**(ဆ) သင်တန်းများ ပေးခြင်း**

MIFIDA Int. Co., Ltd သည် ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်လျက်ရှိသည့် ကိစ္စရပ်များကို ဝန်ထမ်းများ အားလုံးအား လေ့ကျင့်ပေးရန်၊ သင်တန်းများ ဖွင့်လှစ် သင်ကြားပေးရန် အတွက် အစီအစဉ်များ ရေးဆွဲထားရှိရမည် ဖြစ်ပါသည်။ထိုသို့ ဝန်ထမ်းများ အားလုံးသိရှိကြရန် နားလည်ကြရန် လွန်စွာအရေးကြီးသောကြောင့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။